# (၇၇) ကြိမ်မြောက် ပြည်ထောင်စုနေ့ ထုတ်ပြန်ချက်

ယနေ့ ကျရောက်သည့် (၇၇) ကြိမ်မြောက် ပြည်ထောင်စုနေ့မှသည် ကျွန်တော်တို့အားလုံး စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။ ယနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ဖော်ဆောင်ပေးရန် တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သောနေ့ဖြစ်ပြီး ယခုအခါ (၇၇)နှစ် မြောက်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။ ပင်လုံစာချုပ်သည် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်အတွက် သာမက တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ကိုလည်း ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

သို့ရာတွင် ယနေ့အချိန်အထိ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများဆုံးရှုံးကာတိုင်းရင်းသားတန်းတူညီမျှမှု ကင်းမဲ့လျှက်ရှိပြီး ပြည်ထောင်စုစနစ် မပေါ်ပေါက်ခဲ့ဘဲ စစ်အာဏာရှင်စနစ်ကြီးစိုးကာ စစ်ပွဲများဖြင့်သာ ရင်ဆိုင်ခဲ့ကြရပါသည်။

ထပ်မံ၍ယနေ့ကာလတွင်လည်း မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်အုပ်စုသည် တိုင်းပြည် အာဏာကို မတရားရယူကာ အာဏာရှင်စနစ်ပြန်လည်ဖော်ဆောင်နေသဖြင့် ပြည်သူလူထုတစ်ရပ်လုံးက နွေဦးတော်လှန်ရေးဆင်နွဲကာ စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်မှန်သမျှကို တွန်းလှန်ချေမှုန်းကာ၊ အကောင်အထည်ဖော် ဆောင်ရန်ပျက်ကွက်ခဲ့ကြသော ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် စစ်မှန်သော ဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ရန် တိုက်ပွဲဝင်တော်လှန်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယခုကျရောက်သော ပြည်ထောင်စုနေ့မှသည် တိုင်းရင်းသားလူမျိုးများ အားလုံးအနေဖြင့် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ် တည်ဆောက်နိုင်ရန် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါရန် မြန်မာပြည်သူလူထု တစ်ရပ်လုံးမှ လေးနက်စွာတိုက်တွန်းလိုက်ရပါသည်။

Magway Region Human Rights Network (MHRN),

Women Lead Resource Center (WLRC),

Youth Empowerment (YE)